**WORLD BANK GROUP**

**သတင်းထုတ်ပြန်ချက်**

# မြန်မာနိုင်ငံသားတိုင်း တယ်လီဖုန်း ဆက်သွယ်ရေး ရရှိနိုင်စေရေးဆီသို့

*မြန်မာနိုင်ငံ၏ တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး စီမံကိန်းတွင် ကမ္ဘာ့ဘဏ်အုပ်စုက ကူညီသွားမည်*

**ဝါရှင်တန်ဒီစီ၊ ဖေဖော်ဝါရီလ ၆ ရက်၊ ၂၀၁၄ခုနှစ်။** ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့ဝင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA)က အမေရိကန်ဒေါ်လာ (၃၁.၅)သန်း အသုံးပြုကာ မြန်မာနိုင်ငံ၏ **တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး စီမံကိန်း** ကို ကူညီသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်အုပ်စု အမှုဆောင် ဒါရိုက်တာဘုတ်အဖွဲ့က ယနေ့အတည်ပြု ထုတ်ပြန်လိုက်သည်။

*"မြန်မာနိုင်ငံရဲ့ တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍဟာ သန်းပေါင်းများစွာသော အခြေခံ လူတန်းစားတွေကို ဆင်းရဲတွင်းကနေ လွတ်မြောက်အောင် လုပ်ဆောင်ပေးနိုင်မယ့် အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တယ်လီဖုန်း ဆက်သွယ်ရေးနဲ့အင်တာနက်ကို အသုံးချနိုင်မှုဟာ ကမ္ဘာ့နိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် အနိမ့်ဆုံးအဆင့်မှာပဲ ရှိနေပါသေးတယ်။ ဈေးနှုန်းကြီးမြင့်ခြင်း၊ ဝန်ဆောင်မှု အားနည်းခြင်း စတဲ့ အခက်အခဲတွေ ရှိနေသလို အချို့နေရာတွေမှာဆို ဒီဝန်ဆောင်မှုတွေ လုံးဝ မရရှိတာကို တွေ့ရမှာပါ။ အခြေခံလူတန်းစားတွေနဲ့ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေက ပြည်သူတွေ ဒီအခက်အခက်တွေကို အဓိက ခံစားနေကြရပါတယ်"* ဟု **ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ulrich Zachau** ကပြောသည်။

ယခု ဆောင်ရွက်သွားမည့် စီမံကိန်းသည် တယ်လီဖုန်း ဆက်သွယ်ရေး ကဏ္ဍတွင် ယှဉ်ပြိုင်လုပ်ကိုင်နိုင်မည့် ဈေးကွက် တစ်ခု ပေါ်ပေါက်လာစေရန် လိုအပ်သည့် မူဝါဒ နှင့် စည်းမျဉ်း ဥပဒေဆိုင်ရာ ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းဖြင့် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်သည်။ အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းချိုသာသည့် မိုဘိုင်းဖုန်း ဆက်သွယ်ရေး ကွန်ယက်များကို ပိုမို တိုးချဲ့သွားနိုင်ရန် အဓိက ရည်ရွယ်ထားပါသည်။ ထို့အပြင် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း (MPT) ပြုပြင်ပြောင်းလဲရေးကို ကူညီ ဆောင်ရွက်ရန်နှင့် တယ်လီဖုန်း ဆက်သွယ်ရေး ဝန်ဆောင်မှုများကို ဝေးလံသည့် ကျေးလက်ဒေသများအထိ ထိုးဖောက် ရောက်ရှိနိုင်စေမည့် "လူတိုင်း အတွက် တယ်လီဖုန်း ဆက်သွယ်ရေး စနစ်"အား အကောင်အထည်ဖော်ရန် ကနဦး စမ်းသပ် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း (MPT)ကို မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်နေသည့် အစိုးရပိုင် လုပ်ငန်းအဖြစ်မှ သီးခြား ခွဲထွက်နိုင်မည့် ပြုပြင်ပြောင်းလဲမှုကို ကူညီဆောင်ရွက်ခြင်းဖြင့် တယ်လီဖုန်း ဆက်သွယ်ရေး ကဏ္ဍတွင် မျှတစွာ ယှဉ်ပြိုင် လုပ်ကိုင်နိုင်သော ဈေးကွက်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်ရန် ရည်ရွယ်ထားပါသည်။

ယခု ဆောင်ရွက်သွားမည့် စီမံကိန်းသည် eGovernment စနစ်ကို ပေါ်ပေါက်လာရန် Myanmar National Portal တစ်ခုကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။ ပြည်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားများ (လုပ်ငန်းလုပ်ကိုင်သူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ကမ္ဘာ့လှည့် ခရီးသည်များ အပါအဝင်) အားလုံးအတွက် အစိုးရ၏ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို အင်တာနက် အွန်လိုင်းပေါ်တွင် တစ်နေရာတည်း ဝင်ရောက် ကြည့်ရှုရုံဖြင့် ရယူ အသုံးပြုသွားနိုင်ရန် ရည်ရွယ်ထားပါသည်။ အဆိုပါ ပေါ်တယ် (Myanmar National Portal) သည် မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးလုံးအသုံးပြုကာ အချက်အလက်များကို မိုဘိုင်း တယ်လီဖုန်းများမှ တစ်ဆင့် အလွယ်တကူ ရှာဖွေပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဝန်ဆောင်မှုဆိုင်ရာ အားနည်းချက်များ၊ မသမာမှုများကို တင်ပြ အကြံပေးသည့် ကိစ္စရပ်များနှင့် အွန်လိုင်း ငွေပေးချေမှု လုပ်ငန်းများကို အလွယ်တကူ နှင့် လုံခြုံစိတ်ချမှုရှိစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ အစိုးရသည် လက်ရှိတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် တယ်လီဖုန်း ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ ကို အတည်ပြုနိုင်ခဲ့ပြီး ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလတွင် နော်ဝေးနိုင်ငံ အခြေစိုက် တယ်လီနောကုမ္ပဏီ နှင့် ကာတာနိုင်ငံ အခြေစိုက် အိုရီဒူး နည်းပညာကုမ္ပဏီများက ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပေးရန် တရားဝင် အော်ပရေတာများ အဖြစ် လိုင်စင်ပေးအပ်ခဲ့ပါသည်။ ယခု ကမ္ဘာ့ဘဏ်နှင့် ဆောင်ရွက်သွားမည့် စီမံကိန်း သည် ပြည်သူများ၏ ကိုယ်ပိုင် အချက်အလက် ပေါက်ကြားမှုများ မဖြစ်စေရန်၊ သတင်း အချက်အလက် နှင့် ဆိုင်ဘာ တိုက်ခိုက်မှုများမှ ကာကွယ်ရန်၊

သတင်းအချက်အလက်များကို လွတ်လပ်စွာ ရယူနိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ဖော်ဆောင် နိုင်ရန်၊ စည်းမျဉ်း ဥပဒေ မူဘောင်ဆိုင်ရာ ဟာကွက်များကို ဖော်ထုတ်ပြီး နိုင်ငံတကာ၏ စံနှုန်းများနှင့် ညီညွတ်သည့် အကြံဉာဏ်များ ပေးအပ်နိုင် စသည်တို့လည်း ပါဝင်သည်။

လူတိုင်း အတွက် တယ်လီဖုန်း ဆက်သွယ်ရေး စနစ်အား အကောင်အထည်ဖော်နိုင်ရန်အတွက် ကနဦး စမ်းသပ် ဆောင်ရွက်မည့် စီမံကိန်း နေရာများကို သတ်မှတ်ပြီးစီးသွားပါက စီမံကိန်းကို အကောင်အထည်ဖော်မည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန (MCIT) သည် စီမံကိန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး ဒေသခံများနှင့် အကြံဉာဏ်ရယူသည့် ဆွေးနွေးပွဲများကို ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်သွားမည် ဖြစ်သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင်လည်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန (MCIT)က ဦးဆောင်ကာ အကြံဉာဏ်ရယူသည့် ဆွေးနွေးပွဲ နှစ်ကြိမ် ရန်ကုန်တွင် ကျင်းပခဲ့ပါသည်။

*"အစိုးရက ဦးဆောင်ပြီး ကျင်းပတဲ့ အကြံဉာဏ်ရယူတဲ့ ဆွေးနွေးပွဲတွေကို ကမ္ဘာ့ဘဏ်က အားပေး ထောက်ခံပါတယ်။ နောက်ထပ် ဆောင်ရွက်ဦးမယ့် ဆွေးနွေးပွဲတွေမှာလည်း အရပ်ဘက်ဆိုင်ရာ လူမှု အဖွဲ့အစည်းတွေ၊ ဒေသခံ အဖွဲ့တွေ၊ တိုင်းရင်းသားတွေ အားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ပြီး စီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့ အဓိပ္ပါယ် ပြည့်ဝ တဲ့ ဆွေးနွေးမှုတွေ၊ အကြံဉာဏ်တွေ ရရှိနိုင်ဖို့ မျှော်လင့်ပါတယ်"* ဟု **ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန်သန်ရှုန်ကာ**ကပြောပါတယ်။

ယခု မြန်မာနိုင်ငံ တယ်လီဖုန်း ဆက်သွယ်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် စီမံကိန်းကို အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အဖွဲ့ (IDA) ၏ ချေးငွေ အမေရိကန်ဒေါ်လာ သန်း(၃၁.၅)သန်း ပေးအပ်မည့် အစီအစဉ်သည် ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံတွင် မြန်မြန်ဆန်ဆန် တိုးချဲ့ဆောင်ရွက်နေသည့် စီမံကိန်းများအနက် တစ်ခုဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ နှောင်းပိုင်းတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ် ကမ္ဘာ့ဘဏ်အုပ်စု ဥက္ကဋ္ဌ ဂျင်ယုံကင်မ်သည် မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာသန်းနှစ်ထောင် အသုံးပြုကာ နှစ်ရှည် ဖွံ့ဖြိုးရေး စီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပါသည်။ အဆိုပါ လုပ်ငန်း အစီအစဉ်များတွင် လျှပ်စစ် ဓါတ်အားပိုမိုတိုးတက်ရရှိစေရေး၊ ကျန်းမာရေး စောင့်ရှောက်ရေး၊ စိုက်ပျိုးရေး နှင့် အခြားသော အရေးအကြီး သည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ ပါဝင်သည်။

## ဆက်သွယ်ရန်


**ရန်ကုန်** - ဦးကျော်စိုးလင်း klynn@worldbank.org +95 92 031 159

**ဝါရှင်တန်** - Carl Hanlon chanlon@worldbank.org (202) 473-8087

**ဘန်ကောက်** - Anne Elicano aelicano@worldbank.org +66 843 888 059

Website:www.worldbank.org/mynamar
Facebook:www.facebook.com/WorldBankMyanmar
Twitter: www.twitter.com/WorldBankAsia